မြန်မာနိုင်ငံမှ တိုင်းရင်းသားအဖွဲ့အစည်းတွေ စုပေါင်းပါဝင်ထားတဲ့ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) က နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံကိစ္စကို ပါဝင်ကူညီဆောင်ရွက်တဲ့နေရာမှာ ဘုံသဘောတူညီချက် ချမှတ်ဖို့ ကြိုးစားမှုဟာ သူတို့ရဲ့အမေရိကန်နှင့်တကွ နိုင်ငံတကာကိုသွားရောက်ပြီးတော့ လုပ်ရှားနေမှုရဲ့ အရေးပါမှုတရပ်ဖြစ်တဲ့အကြောင်း ပြောကြားလိုက်ပါတယ်။ ENC အဖွဲ့ရဲ့ ကိုယ်စားလှယ်တွေဟာ အမေရိကန်နိုင်ငံကို ပထမဆုံးအကြိမ်အဖြစ်နဲ့ ခရီးစဉ်ထွက်လာတာဖြစ်ပါတယ်။ အဲဒီတော့ သူတို့အနေနဲ့ အမေရိကန်မှာ ဘယ်သူတွေနဲ့တွေ့ပြီး ဘယ်လိုများ လှုပ်ရှားစည်းရုံးခဲ့တယ် ဆိုတာကို ဝါရှင်တန်မှာ ရှိတဲ့ မအင်ကြင်းနိုင်မှ ပြောပြပါအုံးခင်ဗျ။

**မအင်ကြင်းနိုင်။** ။ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ရဲ့ ကိုယ်စားလှယ်တွေဟာ အမေရိကန်နိုင်ငံခရီးစဉ်မှာ မန်ဆက်ချူးဆက်ပြည်နယ် ဒီမိုကရက်အထက်လွှတ်တော်အမတ် Edward Kennedy၊ ဒီမိုကရက်တစ် အောက်လွှတ်တော် အမတ် Tom Lantos အပါအဝင် အမေရိကန်နိုင်ငံခြားရေးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ENC အနေ နဲ့ အမေရိကန်နိုင်ငံခရီးစဉ်ဟာ ပထမဆုံးအကြိမ်ဖြစ်ပေမယ့် အခြားနိုင်ငံတကာခရီးစဉ်တွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်၊ အာဆီယံအဖွဲ့ဝင်တချို့နဲ့ ဥရောပကိုသွားရောက်ပြီး မြန်မာနိုင်ငံအရေးကို ဖြေရှင်းတဲ့နေရာမှာ တိုင်းရင်းသားအရေး ဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေကြောင်း တင်ပြဆွေးနွေးခဲ့ပါတယ်။ အမေရိကန်နိုင်ငံဟာ မြန်မာ့ဒီမိုကရေစီ အရေးကို အမြဲထောက်ခံနေပေမယ့် နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး တူညီတဲ့ ရပ်တည်ချက်ချမှတ်နိုင်ဖို့ လိုအပ်တဲ့အတွက် ENC ရဲ့အမေရိကန်နိုင်ငံခရီးစဉ်ဟာ အရေးကြီးကြောင်း အဖွဲ့ရဲ့ အတွင်းရေးမှူး ဒေါက်တာလျန် ဆာခေါင်း က BBC ကို အခုလိုပြောပါတယ်။

**ဒေါက်တာလျန်ဆာခေါင်း။** ။ ကျနော်တို့အနေနဲ့က အခုချိန်မှာ အဓိကပြဿနာက ဘာလဲဆိုတော့ နိုင်ငံတကာကနေ ကျနော်တို့တိုင်းပြည်မှာ ဒီမိုကရေစီလှုပ်ရှားမှုအတွက် ကူညီပံ့ပိုးမှုတွေ ပေးတယ်ဆိုပေမယ့် နိုင်ငံတကာကနေပြီးတော့ တူညီတဲ့ပေါ်လစီ မချမှတ်နိုင်သေးဘူး။ နအဖစစ်အစိုးရက ကြားထဲမှာ လည့်ပြီးတော့ ကစားနေတယ်။ တရုတ်နဲ့အိန္ဒိယအကြားမှာ လည့်ပြီးကစားနေတယ်။ တရုတ်နဲ့အာဆီယံနိုင်ငံအကြားမှာ လည့်ကစားနေတယ်။ တရုတ်၊ အိန္ဒိယနဲ့ ဥရောပနိုင်ငံအကြားမှာ လည့်ပြီးကစားနေတယ်။ အမေရိကန်နဲ့အာဆီယံ တွေအကြားမှာ လည့်ပြီးကစားနေတယ်။ အဲဒီလိုလှည့်ကစားနေတဲ့အရာအားလုံးကို လှည့်ကစားလို့မရအောင် Common Policy တခုခုထွက်ပေါ်လာအောင် ကျနော်တို့ကြိုးစားနေတာဖြစ်တယ်။

မအင်ကြင်းနိုင်။ ။ ဒေါက်တာလျန်ဆာခေါင်းပြောသွားတာပါ။ အခုလို ENC အနေနဲ့ တရုတ်အပါအဝင် နိုင်ငံတကာက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံတဲ့နေရာမှာ အားလုံးတူညီလက်ခံတဲ့အချက်က မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးတွေလိုအပ်တယ် ဆိုတဲ့အချက်ပဲဖြစ်တယ်လို့ ဒေါက်တာလျန်ဆာခေါင်းက ပြောကြားသွားပါတယ်။